

# ဆုမြတ်မွန်မွန်

## တောင်တန်းတွေ ရဲ့ သီချင်း

ငလင်း

# ကျေးဇူးတင်လွှာ

ဤဝတ္ထုဇာတ်လမ်း ဖြစ်မြောက် လာရန်အတွက် အခြေခံ အကြောင်းတရား တစ်ခု ဖြစ်ခဲ့ သော ချစ်သူငယ်ချင်း သန္တာ၊ ဝတ္ထုကျော ရိုးအတွက် ဖြစ်ရပ်မှန်ဇာတ်လမ်းအား ပြောပြပေးခဲ့သော ချစ်သူငယ်ချင်း ပြုံးချို၊ နာမည် အရင်းအတိုင်း သုံးစွဲခွင့်ပေးခဲ့သော တောင်ကြီး မြို့မှ ခွန်မင်းညို။

အစစအရာရာ ကူညီကာ သိလို သမျှ ဖြေကြားပေးခဲ့ကြသော တော င်ကြီးမြို့မှ သူငယ်ချင်း များ ဖြစ်ကြသည့် မီးအို၊ ကိုကဲ၊ မီးဆရာ ကိုကျောက်လုံးနှင့် တောင်ကြီးမြို့မှ မိတ်ဆွေ သူငယ်ချင်းအ ပေါင်းတို့ အား ကျေးဇူး အထူးတင်ရှိပါသည် ။

**(ဆုမြတ်မွန်မွန်)**

# အပိုင်း(၁)
# တုမရခင်၏ နှိုင်းဘွဲ့

## ၁

"တု"သည် ညနေ့ခင်းထဲက ဆိုဖာဆက်တီပေါ်တွင် ယနေ့ထုတ် ဂျာနယ်ပေါင်းများ စွာကို ထိုင် ဖတ်ရင်း သတင်းဦး သတင်းထူး ယူနေတုန်းမှာ ပဲ "တု"ရဲ့ အနားသို့ အိမ်အကူကောင် မလေးက ရောက်လာကာ ကော့ဒ်လက်စ်ဖုန်းကို ကမ်းပေးရင်း ဆိုသည် ။

"မမလေး ဖုန်းလာပါတယ်ရှင့်၊ ကိုကျော်ဇောလို့ ပြောပါ တယ်"

တုသည် ကြားသိရသောအခါ နှာခေါင်းတစ်ချက် ရှုံ့ရင်း ကောင်မလေးလက်ထဲက ကော့ဒ် လက်စ်ဖုန်းကို လှမ်းယူ လိုက်ကာ နားထောင်လိုက်သည် ။

"ပြောပါ"

"ဟယ်လို . . . တုတုလား"

"ဘယ်လိုဖြစ်ရတာလဲ၊ တုတုကို ခေါ်ခိုင်းပြီးမှ ဘာဖြစ်လို့ တုတုလား ပြန်မေးနေရတာလဲ"

တုရဲ့ ခပ်ပြတ်ပြတ် စကားတွေကို တစ်ဖက်က ပန်းနဲ့ ပေါက်တဲ့ အ

လား ရယ်မောလို့ သာနေ သည် ။ မရယ်လို့ လည်း မရချေ။ တုရဲ့ အချိုး အချိတ်သည် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဒီလိုပုံစံ ချည်းသာဖြစ် သည် ။ သူများ က အဖြူဆိုလျှင် တုတုက အမည်း။ ဒါပေမဲ့ ဒါတွေဟာ တမင်ရွဲ့ပြောနေ တာတွေလည်း မဟုတ်။ အကြောင်းမသိရင်တော့ ဘုဘောက်များ တမင် ကျကာ ရွဲ့ပြောနေ သလားဟု ထင်ရလောက် သည် အထိ "တု"ကား စ ကားပြောပြတ် သူ၊ မာသူတစ်ယောက်သာဖြစ်လေသည် ။

"တုရယ် . . . ဒီလို ရှည်ရှည်ဝေးဝေး ပြောနေရတာကိုက မမောဘူး လား"

"နင်တို့လို အလိုက်မသိတဲ့ လူတွေကြောင့် မောနေရတာပေါ့၊ ကဲ . . . ပြော ဘာကိစ္စလဲ"

"သန်ဘက်ခါ ကိုယ့် မွေးနေ့လေ၊ အဲဒါ တုကို ဖိတ်တာ"

"ဖိတ်စာပို့ လိုက်လေ၊ လာဖြစ်မယ်မဖြစ်ဘူးကတော့ မသေ ချာဘူး"

"အင်း . . . ကိုယ်ကတော့ လာစေချင်တယ်၊ ဖိတ်စာပို့ ထားပါတယ်၊ ကိုယ်တိုင်လည်း ပါးစပ် နဲ့ လှမ်းဖိတ်တာ"

"အိုကေ . . . အိုကေ . . . ဒါပဲ မဟုတ်လား၊ ဒီမှာ တု ဂျာနယ်ဖတ်နေ တယ် မအားသေးဘူး၊ နောက်မှ ပြန်ဆက် တော့"

"ကောင်းပါပြီ တု၊ ဘိုင့် ဘိုင်"

"အေး . . . ဘိုင့် ဘိုင်"

တုက ဖုန်းပိတ်လိုက်ပြီး ဆိုဖာပေါ် ပစ်တင်လိုက် ကာ ဂျာနယ်ကို ပြ န်ကိုင်မလို့ လုပ်တုန်းမှာ ပင် ခြံစောင့်က ဖိတ် စာတစ်စောင်ကို လာပေး သည် ။ အခုနက ဖုန်းဆက်လာသော ကျော်ဇောသီဟရဲ့ မွေးနေ့ဖိတ်စာ ပင်။ ကိုယ်တိုင်လည်း မွေးနေ့ တွေ၊ ဘာနေ့ညာနေ့တွေကို စိတ်မဝင်စား

သော တုသည် ဖိတ်စာ ကို သာမန်ကာလျှံကာ ဖတ်ကာ ဘေးသို့ ပစ်ချထားလိုက်သည် ။ သွားလည်း မသွားဟု စိတ် ကူးထားသော်လည်း အဲဒီစိတ်ကူးကို ညနေဘက်ရောက်သောအခါ ပယ်ဖျက်လိုက်ရသည် ။

တုရဲ့ အဖေနှင့် ထမင်းစားပွဲဝိုင်းမှာ ထမင်းအတူစား ကြသောအခါ ဖေဖေက မေးလာသည် ။

"သမီး . . . သမီးဆီကို ကျော်ဇောရဲ့ Birthday ဖိတ်စာ ရောက်လား"

"ရောက်တယ် ဖေဖေ"

တကယ်တော့ ကျော်ဇော်သီဟ ဆိုသူမှာ ဖေဖေ့ရဲ့ ပါတနာ ဦးသီဟရဲ့ သားဖြစ်သည် ။ ရုပ်ရှင် တွေထဲကလို မိဘချင်း ရင်းနှီးတာမို့ တုနဲ့ လည်း ကျော်ဇောမှာ (တုဘက်က မရင်းနှီးချင်ဘဲ နဲ့ ) ရင်းနှီး ခဲ့ရတာဖြစ်သည် ။ ဒါတောင် တုက သူ့ကို ဘယ်တော့မှ ပြေပြေလည်လည်ဆက်ဆံတာမဟုတ်။ တု သည် ဘယ်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဘုဘောက် ဆက်ဆံတတ်သည် ။ ငယ်ငယ်လေး တည်းက အနီးကပ်အုပ်ထိန်းမည့် မိခင်၏ ရင်ခွင် နှင့် ဝေးခဲ့ရသော တုသည် ပေါင်းသင်းဆက်ဆံရေး လည်း အင် မတန်ညံ့ဖျင်းလှပါသည် ။

ဒါပေမဲ့လည်း ဘယ်ဘဝက အကျိုးပေးလဲတော့ မပြောတတ်။ တုသည် အဲဒီလို တည်တည် တင်းတင်းနေကာ ဘု ဘောက်ပြောတာကိုက ချစ်စရာကောင်းသည် ဟု ဩဘာပေးနေကြ သူက ပေး နေကြသောအခါ တုသည် လည်း ဒီအချိုးအတိုင်း ဒီပုံစံအတိုင်း။ ပြီးတော့ တုက သူများကို သိပ်ဂရု စိုက်တတ်သော ကောင်မလေးမျိုးလည်း မဟုတ်ပါ။

"အေး . . . ရောက်တယ်ဆိုရင်လည်း အဲဒီ Birthday ကို သွားဖို့ စီစဉ်လိုက်ဦး၊ Present ကို လည်း သမီးပဲ စီစဉ်လိုက် . . .

အဲဒီပွဲကို ဖေဖေနဲ့ သမီး အတူတူတက်ရမယ်"

"ဟင် . . . ဖေဖေ သွားမှာ ပဲ၊ တုက လိုက်စရာလိုသေးလို့ လား"

"လိုတာပေ့ါ၊ သမီးကိုလည်း မွေးနေ့ရှင်ကိုယ်တိုင် သပ် သပ်ဖိတ် ထားတာပဲဥစ္စာ၊ ဖေဖေ့ကို လည်း သူ့အဖေက ဖိတ်ထားတာပဲ . . .

မသွားလို့ မကောင်းဘူးလေ၊ အဲဒီတော့ ခဏတဖြုတ် မျက်နှာတော့ သွားပြရမှာ ပဲ။ မွေးနေ့ လက်ဆောင်ကို သမီးပဲ စီစဉ်လိုက်ပါ"

တုသည် ထမင်းကိုသာ အသာဝါးရင်း အင်းမလုပ် အဲမလုပ်ချေ။ ဘာမှ ပြန်ပြောလို့ မရသည့် ကိစ္စမျိုး။ ငြင်းလျှင်လည်း ကိုယ့်သိက္ခာကိုယ်ကျမည့် ကိစ္စမျိုးဆိုလျှင် "တု"က ဘယ်တော့မှ ပြိုင်မ ငြင်းတတ်ပါ။ ဒါကြောင့် ထမင်းကိုသာ တိတ်တဆိတ်ဆက် စားရင်း ဖေဖေ့ကိုလည်း ဘာမှ ထပ်မ ပြောတော့။ ဖေဖေကလည်း အသံတိတ်နည်းဖြင့် "တု"တစ်ယောက် လက်ခံလိုက်ပြီဆိုတာ သိသဖြင့် ဘာမှ ထပ်မပြောတော့။

သတ်မှတ်ရမယ် ဆိုလျှင်တော့ ဖေဖေနဲ့ "တု"သည် ဖအေတစ်ခု သမီးတစ်ခုဆိုပေမယ့် ရင်း နှီးနွေးထွေးမှုမရှိဘဲ ခပ် စိမ်းစိမ်းပဲရှိသည် ။ ငယ်ငယ်တည်းက မေမေ ဆုံးသွားသော်လည်း နောက် အိမ်ထောင်မပြုခဲ့။ စီးပွားရေးကိုသာ ကျုံးရှာခဲ့သော ဖေဖေ သည် ငွေကြေးစည်းစိမ်သာ အလုံအ လောက်ရှာဖွေပေးနိုင်လျှင် "တု"အတွက် ပြည့်စုံပြီဟု သတ်မှတ်ခဲ့ပုံရလေသည် ။ "တု"ကိုယ်၌ က လည်း ဒီဘဝထဲမှာ အသားကျနေခဲ့ပြီမို့ ဘယ်သူ့ဆီကမှ ဘာမှ ထပ်မမျှော်လင့်တော့။

ဇာတ်ဆရာ စေထားသည့် ဘဝအတိုင်း "တု"က ကျေနပ်နေခဲ့သည် ။

*****